MYANMAR WITNESS

A project by

CENTRE for INFORMATION RESILIENCE

CIR

# လေယာဉ်ခြေရာခံခြင်း (၂)- ချက် ကုမ္ပဏီမှ မြန်မာလေတပ်သို့ လေယာဉ်ထောက်ပံ့ပေးနေခြင်း

## EU မှချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအား ချိုးဖောက်မှုဖြစ်နိုင်သည့် မြန်မာနိုင်ငံသို့ နောက်ထပ်လေယာဉ်နှစ်စီး ထောက်ပံ့ပေးမှုကို Myanmar Witness ၏ Investigators မှ ခြေရာခံခြင်း

# လေယာဉ်ခြေရာခံခြင်း (၂)- ချက် ကုမ္ပဏီမှ မြန်မာလေတပ်သို့ လေယာဉ်ထောက်ပံ့ပေးနေခြင်း

## EU မှချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအား ချိုးဖောက်မှုဖြစ်နိုင်သည့် မြန်မာနိုင်ငံသို့ နောက်ထပ်လေယာဉ်နှစ်စီး ထောက်ပံ့ပေးမှုကို Myanmar Witness ၏ Investigators မှ ခြေရာခံခြင်း

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆

ဤစုံစမ်းစစ်ဆေးမှုများကို ပြင်သစ်နိုင်ငံမှ သတင်းမီဒီယာတစ်ခုဖြစ်သည့် *Le Monde* နှင့် မျှဝေထားပြီး အဓိကတွေ့ရှိချက်များကို ၎င်းတို့မှ ရုပ်သံဗီဒီယိုထုတ်လုပ်ထားသည်။ အခြားတွေ့ရှိချက်များကိုလည်း Myanmar Witness က ကူညီထောက်ပံ့ပေးထားသည်။ *Le Monde* ၏ ဆောင်းပါးကို ဤနေရာတွင် ဖတ်နိုင်သည်။

မှတ်ချက် - ဤအစီရင်ခံစာတွင် ပါဝင်သော ရင်းမြစ်အချို့အား ကိုယ်ရေးကိုယ်တာအကြောင်းများကြောင့် ဖယ်ချန်ထားသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော သုံးသပ်ချက်များနှင့် အကြံပြုချက်များအပေါ် အကျိုးသက်ရောက်ခြင်းမရှိပါ။


| | |
|---|---|
| ၁။ မိတ်ဆက် | 2 |
| ၂။ ဥပဒေဆိုင်ရာ | 5 |
| ၃။ လူမှုကွန်ရက်မှ သတင်းအချက်အလက်များ (SOCMINT) | 7 |
| ၄။ ချက် အရပ်ဘက်လေကြောင်းဌာန မှတ်ပုံတင်မှတ်တမ်းများ | 15 |
| ၅။ အသစ်ရောက်ရှိလာမှုများ | 16 |
| ၆။ မြင်တွေ့ရမှုများ | 23 |
| ၇။ နိဂုံးချုပ် | 27 |


---

## ၁။ မိတ်ဆက်

ချက်ကုမ္ပဏီ Aircraft Industries မှ ထုတ်လုပ်သည့် Let L410-UVP E20 လေယာဉ် သုံးစင်း မြန်မာလေတပ် (MAF) သို့ လွှဲပြောင်းမှုကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အစီရင်ခံစာ ထုတ်ပြန်ပြီးနောက် Myanmar Witness က စုံစမ်းမှုများထပ်မံပြုလုပ်ခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌ ရန်ကုန်တွင် ချက်နိုင်ငံမှ Let L410s လေယာဉ် နှစ်စီး ထပ်မံရောက်ရှိလာကြောင်း တွေ့ရသည်။ ချက် အစိုးရဘက်မှ ဤကဲ့သို့ရောင်းချမှုများ၏ တရားဝင်မှုမေးခွန်းများကို မီဒီယာနှင့် ထိတွေ့ဖြေကြားမှုများ ရှိခဲ့သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ချက် အစိုးရ၏ “လေယာဉ်များအား အရပ်ဘက်အတွက်သာ အသုံးပြုလျက်ရှိသည်”ဆိုသည် ဖော်ပြချက်ကို Mizzima တွင် ဖော်ပြခဲ့သည်။ ထို့အပြင် ချက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ “လေယာဉ်များကို အရပ်ဘက် လေကြောင်

းကုမ္ပဏီဖြစ်သည့် Myanmar Airways International (MAI) သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာလေတပ် (MAF) သို့ ပို့ဆောင်ခဲ့ခြင်း မဟုတ်ကြောင်း”နှင့် ထို့အတွက်ကြောင့် စီးပွားရေးပိတ်ဆို့မှုအားချိုးဖောက်ခြင်း မရှိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့ ပို့သည့် email တွင် ရေးသားထားသည်ဟု Irrawaddy မှ ဖော်ပြထားသည်။ Irrawaddy မှ ဖတ်ခဲ့သည့် ထို email ထဲတွင် -
“ပို့ဆောင်ခဲ့သော လေယာဉ်များသည် အရပ်ဘက်သုံးအတွက်သာ ပြင်ဆင်ထားပြီး စစ်ဘက်အသုံးပြုဟု ယူဆရသည့် မည်သည့်ပြင်ဆင်မှုများမှ မပါရှိပါ။ *[.....]*လေယာဉ်များကို မြန်မာလေကြောင်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီဌာနတွင် မှတ်ပုံတင်ထားပြီး အရပ်ဘက်လေယာဉ်မှတ်ပုံတင်များ ပေးထားသည်” ဟု ဖော်ပြထားသည်။

ချက် မီဒီယာ HildaciPes အား ချက် စက်မှုဝန်ကြီးဌာနမှ တုံ့ပြန်ရာတွင် “ထိုလေယာဉ်များကို ပုံစံနှစ်မျိုး အသုံးပြုနိုင်အောင် တည်ဆောက်ထားခြင်းမရှိပါ။[....]” ဟု ပြောဆိုခဲ့သည်။

ပို့ဆောင်ရောင်းချခဲ့သော လေယာဉ်များနှင့် ပတ်သက်ပြီး ချက် အစိုးရ၏ ဤကဲ့သို့သော တုံ့ပြန်ချက်များသည် ၎င်း လေယာဉ်ကို အသုံးပြုနေသူများသည် အသုံးပြုမှုများကို ချက်အစိုးရကို ပုံမှန်အကြောင်းကြားလေ့ရှိပြီး ၎င်းတို့သည် အသိအမှတ်ပြုထားသည့် မူလဝယ်ယူသူမဟုတ်ဟု Myanmar Witness မှ ယုံကြည်သည်။ ၎င်း လေယာဉ်များကို အသုံးပြုနေသူများသည် မူလဝယ်ယူသူများ မဟုတ်နေခြင်းသည် ရောင်းချမှုဖြစ်စဉ်တွင် စံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ကြောင်း ပြသနေပြီး ရောင်းချသည့် Czech ကုမ္ပဏီနှင့် အစိုးရတို့ နှစ်ဦးနှစ်ဖွဲ့လုံးမှ အလေးထားရန်ကိစ္စဖြစ်သည်။

MAI သည် “စစ်အစိုးရ၏ အဓိကစီးပွားရေးမိတ်ဖက်ဖြစ်သလို စစ်အစိုးရခေါင်းဆောင်များ၏ နိုင်ငံတကာ ခရီးစဉ်များအတွက် MAI တံဆိပ်ပါလေယာဉ်များအသုံးပြုမှုများရှိပြီး မြန်မာလေတပ်နှင့် လေကြောင်းလိုင်းတို့ လေယာဉ်မျှဝေသုံးစွဲမှုများရှိသည်” ဟု Irrawaddy တွင် ဖော်ပြထားသည်။ လွန်ခဲ့သော ၁၂ နှစ်အတွင်း MAI နှင့် မြန်မာနိုင်ငံ အခြေစိုက်သည့် အခြားအရပ်ဘက် လေကြောင်းလိုင်းအတွက် ဝယ်ယူခဲ့သည့် လေယာဉ်များကို မြန်မာလေတပ်သို့ လွှဲပြောင်းမှု မှတ်တမ်းများစွာကို Myanmar Witness မှ မှတ်တမ်းတင်ထားသည်။ မူလလေယာဉ်ဝယ်ယူသည့် ကုမ္ပဏီ၏ ဤကဲ့သို့သော မသင့်လျော်သည့် လုပ်ဆောင်မှုများနှင့် ထပ်မံဖြစ်ပွားလာနိုင်ခြေရှိသည့် အန္တရာယ်များကြောင့် Aircraft Industries အနေနှင့် ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများကို ချိုးဖောက်နိုင်သည့် အန္တရာယ်အား ရှောင်ရှားသည့်အနေဖြင့် ဤလွှဲပြောင်းမှုကို ရှေ့ဆက်မလုပ်ဆောင်ဘဲ ရပ်တန့်ခဲ့သင့်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ နေပြည်တော် လေတပ်စခန်းတွင် ကျင်းပသည့် အစီအစဉ်တွင် မြန်မလေတပ်က လေယာဉ်အမျိုးအစား လေးမျိုးဖြင့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနား ကျင်းပခဲ့သည်။ စစ်ကော်မရှင် ဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်ယူထားသူ မင်းအောင်လှိုင် ကို တပ်တော်ဝင်သည့် လေယာဉ်အမျိုးအစားပုံများပါဝင်သည့် အထိမ်းအမှတ်ပုံစံငယ်အား ပေးအပ်ခဲ့သည် (ပုံ-၁)။ ပုံပါ[ဘယ်ဘက်]လေယာဉ်အမျိုးအစား နှစ်မျိုးအား အခမ်းအနားတွင် ပြသခဲ့ပြီး ကျန်နှစ် မျိုးအား ပြသခဲ့ခြင်း မရှိပါ။ တတိယနေရာရှိ လေယာဉ်ပုံစံသည် Let L410's ၏ပုံစံနှင့် တူညီနေသည်ကို တွေ့ရသည်။



ပုံ -၁။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မြန်မာလေတပ်၏ လေယာဉ်အသစ်များ၏ အထိန်းအမှတ်ပုံစံငယ်အား မင်းအောင်လှိုင်အား ပေးအပ်စဉ်။ *(ဘယ်ဘက်မှ သုံးခုမြောက်လေယာဉ်သည် L410 အမျိုးအစားနှင့် တူညီနေသည်)* ဤနေရာအား နေပြည်တော်လေတပ်ဖြစ်ကြောင်း နေရာအတည်ပြုထားပြီးဖြစ်သည်။ *(ရင်းမြစ်- Eleven Media Group via Facebook)*

Aircraft Industries နှင့် ချက် အစိုးရတို့ဘက်မှ ထိုလေယာဉ်များနှင့် ပတ်သက်သည့်ပုံများ၊ ပြင်ဆင်ထားသည့် ပုံစံများကို ထုတ်ပြန်ခဲ့ခြင်းမရှိပါ။ Aircraft Industries ကုမ္ပဏီ၏ လူမှုကွန်ရက်စာမျက်နှာတွင် ပုံများ လုံးဝမရှိခြင်းနှင့် ဤရောင်းချမှုနှင့် ပတ်သက်သည့် သတင်းများ ချန်လှပ်ထားခြင်းသည် ယခင်ဈေးကွက်ရှာဖွေပုံစံများနှင့် လုံးဝဆန့်ကျင်နေသည်ကို တွေ့ရသည်။ ပို့ဆောင်ခဲ့သည့် L410s များအနက် အနည်းဆုံး တစ်စီးသည် မှော်ဘီလေတပ်စခန်းသို့ ဆိုက်ရောက်ခြင်းနှင့် ထွက်ခွာခြင်းတို့ကို မှတ်တမ်းတင်ထားပြီး တစ်ကြိမ်တွင် ဂြိုဟ်တုဓါတ်ပုံတွင် မြင်နိုင်ကြောင်း Myanmar Witness မှ အစီ ရင်ခံစာ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထိုနေရာသည် အရပ်ဘက်သုံးလေယာဉ်များအတွက် ပြင်ဆင်ထားခြင်း လုံးဝမရှိသည့် မြန်မာလေတပ်၏ လေတပ်စခန်းဖြစ်သည်။ ၎င်းလေယာဉ်များကို စစ်ဘက်အသုံး ပြုရန်အတွက် ပြင်ဆင်ထား ခြင်းမရှိဟုဆိုသော်လည်း စစ်ဘက်အတွက် အသုံးပြုခြင်းမရှိဟု မဆိုနိုင်ဘဲ စစ်ဘက်ရည်ရွယ်ချက် အတွက် အသုံးပြုနိုင်သည့် နည်းလမ်း (ဤအပိုင်းနှင့်ပတ်သက်ပြီး နောက်ပိုင်းတွင် ဖော်ပြထားသည်) များစွာရှိနိုင်သည်။ နိုဝင်ဘာလတွင် မြန်မာလေတပ်မှလည်း L410 လေယာဉ်အား မြန်မာလေတပ်၏ လေယာဉ်အဖြစ် တပ်တော်ဝင်ခမ်းအနားတွင် ဖော်ပြခဲ့သည်။

စတုတ္ထမြောက် L410 လေယာဉ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် Kunovice လေဆိပ်မှ စတင်ထွက်ခွာခဲ့ပြီး ၎င်း၏ လမ်းကြောင်းကို ဖုံးကွယ်ရန်ကြိုးစားခဲ့သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြောင်း ခြေရာခံနိုင်ခဲ့သည်။ ၎င်း လေယာဉ်ရောက်လာသည့် ပုံစံအတိုင်း မှတ်တမ်းတင်ထားသော နောက်ဆုံးလေယာဉ်ဖြစ်သည့် ပဉ္စမမြောက် Let L410 သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် Kunovice လေဆိပ်မှ ထွက်ခွာခဲ့ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြောင်း Myanmar Witness ၏ investigator များက ခြေရာခံနိုင်ခဲ့သည်။

---

## ၂။ ဥပဒေဆိုင်ရာ

EU အဖွဲ့ဝင်နိုင်ငံများ၏ လက်နက်တင်ပို့ရောင်းချမှုများအားလုံးကို ထိန်းချုပ်သည့် EU Common Position ပါ စစ်ဘက်ဆိုင်ရာ စာရင်း၏ ML10 ကဏ္ဍတွင် "လေယာဉ်" များ ပါဝင်ပြီး ML10.a တွင် "လူလိုက်ပါသော လေယာဉ်" ဟု တိကျစွာဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံသို့ ရောင်းချခဲ့သည့် L410 လေယာဉ်များအား စစ်ဘက်ဆိုင်ရာ လေယာဉ်များအဖြစ် မသတ်မှတ်ရန် လိုအပ်သော အခြေအနေများကိုလည်း သတ်မှတ်ဖော်ပြထားသည်။

*Note 1 ML10.a. does not apply to "aircraft" and "lighter-than-air vehicles" or variants of those "aircraft", specially designed for military use and which are all of the following:*

*a. Not a combat "aircraft";*

*b. Not configured for military use and not fitted with equipment or attachments specially designed or modified for military use; and*

*c. Certified for civil use by civil aviation authorities of one or more EU Member States or Wassenaar Arrangement Participating States.*

"စစ်ဘက်ဆိုင်ရာအသုံးပြုရန်အတွက် ပြင်ဆင်ထားမှု၊ တပ်ဆင်ထားမှုများမရှိခြင်း" ကို အထက်ပါ အမှတ် B တွင် ထပ်တိုးဖော်ပြချက်ကို အောက်ပါအတိုင်း ရှင်းလင်းထားသည်။

*Note 4 For the purposes of ML10.a. and ML10.j., military use includes: combat, military reconnaissance, assault, military training, logistics support, and transporting and airdropping troops or military equipment.*

"စစ်ဘက်အသုံးပြုခြင်း" တွင် ကင်းထောက်ခြင်း၊ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်း၊ တပ်သားများအား သယ်ဆောင်ခြင်း၊ လေကြောင်းမှ တပ်သားများနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများ ချပေးခြင်းတို့ ပါဝင်သည်။ Let L410 လေယာဉ်များသည် မြန်မာလေတပ်၏ လုပ်ငန်းတာဝန်များအပြင် အထက်ပါ တာဝန်များကို လုပ်ဆောင်နေနိုင်ပြီး လေယာဉ်ပျံသန်းမှု ခြေရာခံစနစ်တွင် MAF Harbin Y-12 အဖြစ် မှတ်ပုံတင်ထားသည့် တရုတ်နိုင်ငံထုတ် လေယာဉ်နှင့် လုပ်ငန်းတာဝန်များနှင့် တူညီနေသည်ကို တွေ့ရသည်။ အမှတ် C တွင်ဖော်ပြထားသည့် ယာယီအသုံးပြုမှုလိုအပ်ချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသို့ ပို့ဆောင်ခဲ့သည့် Let L410 များအပါအဝင် အခြားစစ်တပ်များသို့ ပို့ဆောင်ခဲ့သည့် Let L410 အားလုံးကို ယခင်က ချက် Civil Aviation Authority Registry တွင် ဖော်ပြခဲ့သော်လည်း ယခု ဖော်ပြခြင်း မရှိတော့ပါ။

ထို့အပြင် မြန်မာနိုင်ငံသည် စစ်ဘက်-အရပ်ဘက် နှစ်မျိုးအသုံးပြုနိုင်သည့် ကုန်ပစ္စည်းများတင်ပို့မှု တင်းကြပ်ခံထားရသည့် နိုင်ငံဖြစ်သည်။


- ပုဒ်မ ၁.၁ *"လက်နက်နှင့် ကျည်ဆန်များအပါအဝင် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၊ စစ်ဘက်ဆိုင်ရာယာဉ်များ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် အထက်ဖော်ပြပါ ကိရိယာများအတွက် အပိုပစ္စည်းများအပြင် ပြည်တွင်းဖိနှိပ်မှုများအတွက် အသုံးပြုနိုင်သည့် ကိရိယာများကို မြန်မာနိုင်ငံနှင့် နိုင်ငံသားများ[...]ထံသို့ရောင်းချမှု၊ ထောက်ပံ့မှုအားပိတ်ပင်သည်။"*
- ပုဒ်မ ၁.၂ *(က) "လက်နက်နှင့် ကျည်ဆန်များအပါအဝင် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၊ စစ်ဘက်ဆိုင်ရာယာဉ်များ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် အထက်ဖော်ပြပါ ကိရိယာများ အတွက် အပိုပစ္စည်းများအပြင် ပြည်တွင်းဖိနှိပ်မှုများအတွက် အသုံးပြုနိုင်သည့် ကိရိယာများကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ[...]ထံသို့ရောင်းချမှု၊ လွှဲပြောင်းပေးမှုအား ပိတ်ပင်သည်။"*

သို့သော် "ကိရိယာ"ဆိုသည့်အသုံးအနှုန်းသည် စစ်ဘက်အသုံးပြုသည့်ကိရိယာအဖြစ် အသေးစိတ်ဖော်ပြထားခြင်းမရှိပါ။ "ပြည်တွင်းဖိနှိပ်မှုအတွက် အသုံးပြုနိုင်သော" ကိရိယာအဖြစ်သာ ဖော်ပြထားပြီး ထိုကဲ့သို့သော အသုံးပြုမှုများနှင့် ပို၍သက်ဆိုင်နေသည်။ ထို့အပြင် ထိုစည်းမျဉ်းအရ "မြန်မာနိုင်ငံရှိ နိုင်ငံသားပြု သို့မဟုတ် တရားဝင်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများထံသို့မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် လွှဲပြောင်းမှု" အားပိတ်ပင်ထားသည်။

ထို့ကြောင့် နောက်ပိုင်းပိုင်ဆိုင်သူထက် ကိရိယာအား အသုံးပြုနိုင်သည့်ပုံစံကသာ အဓိကအရေးကြီးသော အချက်ဖြစ်သည်။ ပုဒ်မ(၁)(က)တွင် လွှဲပြောင်းမှုတားမြစ်ထားသည့် စစ်ဘက်-အရပ်ဘက်နှစ်မျိုး အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများကို နောက်ဆက်တွဲ (၁) Council Regulation (EC) No 428/2009 တွင် အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားသည်။

"Civil aircraft" (1 7 9) means those "aircraft" listed by designation in published airworthiness certification lists by the civil aviation authorities to fly commercial civil internal and external routes or for legitimate civil, private or business use.

မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန သို့မဟုတ် MAI ၏ website နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မှတ်ပုံတင်ထားဖွယ်ရှိသည်ဟု သုံးသပ်ထားသည့် Let L410 များမှ တစ်စီး ဖြစ်သည့် XY-AMV(ယခင် OK-JMA) နှင့် ပတ်သက်သည့် အချက်အလက်များကို Myanmar Witness မှ ရယူနိုင်ခြင်းမရှိခဲ့ပါ။ ထို့အပြင် မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် Let L410 လေယာဉ်တစ်စီးမျှ မရှိသလို ချက်အရပ်ဘက်လေကြောင်းဌာန စာရင်းမှလည်း ပယ်ဖျက်ခံထားရပြီးဖြစ်သည်ကို တွေ့ရသဖြင့် ထိုလေယာဉ်များသည် အရပ်ဘက်လေယာဉ် အဖြစ်မှ လုံးဝရပ်ဆိုင်းသွားခဲ့ပြီဖြစ်သည်။





## ၃။ လူမှုကွန်ရက်မှ သတင်းအချက်အလက်များ (SOCMINT)

လူမှုကွန်ရက်များကို သုံးသပ်ချက်အရ ချက်နိုင်ငံသား Josef Hlavacka သည် Let L410-UVP E20 Turbolet လေယာဉ်အား မြန်မာနိုင်ငံသို့ ပျံသန်းမောင်းနှင်ခဲ့သည့် လေယာဉ်မှူးများအနက်မှ တစ်ဦးဖြစ်သည်။

သူ၏ Instagram အကောင့်မှ ဓာတ်ပုံတင်ထားသည့် ရက်များသည် Turbolet လေယာဉ် မြန်မာနိုင်ငံသို့ ပျံသန်းခဲ့သည့် ရက်များနှင့် ကိုက်ညီမှုရှိနေသည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် တင်ထားသည့် နံနက် အရုဏ်တက်ချိန် လေယာဉ်ပြေးလမ်း၌ ရိုက်ကူးထားသည့် ဓါတ်ပုံတွင် L410-UVP E20 Turbolet ပါဝင်နေပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်း နေရာ အတည်ပြုနိုင်သည်(ပုံ-၂)။ လေယာဉ်အမြီးနံပါတ်ကို မြင်နိုင်ခြင်းမရှိသော်လည်း လေယာဉ်အမှတ်စဉ်ကို တစ်ဝက်ခန့်မြင်တွေ့ရပြီး 3418 သို့မဟုတ် 3419 ဖြစ်နိုင်သည်။

ယခင်အစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း OK-AMK (လေယာဉ်အမှတ် 3419) မြန်မာနိုင်ငံသို့ ဝင်ရောက်လာမှုကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်နှင့် နှင့် ချက်နိုင်ငံ Kunovice လေဆိပ်မှ ထွက်ခွာလာပြီး ရန်ကုန်အနီးဝန်းကျင် ချဉ်းကပ်လာသည့် OK-AMJ(3418) ကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်တို့တွင် အသီးသီး တွေ့ရသည်။ Hlavacka ၏ Instagram အကောင့်မှ ဓါတ်ပုံတစ်ပုံပါ နောက်ဆုံးနံပါတ် ခွဲခြားရန်ခက်သည့်အတွက် လေယာဉ်အမှတ် 3418 သို့မဟုတ် 3419 ဖြစ်နိုင်ပြီး OK-AMJ သို့မဟုတ် OK-AMK နှင့် ကိုက်ညီမှုရှိနေသည်။




ပုံ-၂။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် *Hlavacka* ၏ *Instagram* အကောင့်တွင် မျှဝေထားပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ကြောင်း နေရာအတည်ပြုထားသည့် ဓါတ်ပုံ။



ပုံ-၃။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် *Hlavacka* ၏ *Instagram* အကောင့်တွင် မျှဝေထားပြီး လေယာဉ်အမှတ်အား မြင်တွေ့နိုင်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ကြောင်း နေရာအတည်ပြုထားသည့်ဓါတ်ပုံ။


၂၀၂၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် တင်ထားပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်း အချိန်တွက်ချက်မှုပြုလုပ်ထားသည့် [Youtube ဗီဒီယို]တစ်ခုတွင်

ရန်ကုန်လေဆိပ်၏ ပြေးလမ်းပေါ်တွင် OK-AMK (ပုံ-၄ လေယာဉ်အမြီးနံပါတ်အား စတေကာဖြင့် ကပ်ထားသည်) ကိုမြင်တွေ့ရပြီး စတင်ရောက်ရှိလာသည့်နေ့တွင် ရိုက်ကူးထားခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် Hlavacka မှ အရုဏ်တက် ချိန်တွင် ရိုက်ကူးထားသည့် ဓါတ်ပုံသည် OK-AMK ဖြစ်ပြီး လေယာဉ်နံပါတ် 3419 ဖြစ်သည်ကို ညွှန်ပြ နေသည်။ ဗီဒီယိုတွင် မြင်တွေ့ရသည့် လူဖြူလေးဦးအနက် နှစ်ဦးသည် Josef Hlavacka နှင့် David Holubec (ဤအစီရင်ခံစာနောက်ပိုင်းတွင် ဖော်ပြထားသည်) တို့ဖြစ်သည်ဟု Myanmar Witness ၏ investigators များမှ ယုံကြည်သည်(ပုံ-၅)။






ပုံ-၄။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် တင်ထားပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖြစ်ကြောင်း နေရာအတည်ပြုထားသည့် ဗီဒီယိုမှ လေယာဉ်နံပါတ်မြင်တွေ့ရသည့် ပုံများ။




ပုံ-၅။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ *Youtube* တွင်တင်ထားပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖြစ်ကြောင်း နေရာအတည်ပြုထားသည့် ဗီဒီယိုမှ *screenshot* များနှင့် *Hlavacka* နှင့် *Holubec* တို့၏ ဓါတ်ပုံများ။

၂၀၂၅ ခုနှစ် ဇွန်လ ၂၉ နှင့် ၃၀ ရက်များအတွင်း Hlavacka ၏ Instagram အကောင့်တွင် အခြား posts (albums) အနည်းဆုံး လေးခုတင်ထားသည်။ ထိုလအတွင်း OK-AMJ သည် မြန်မာနိုင်ငံသို့

သွားသည့် လမ်းပေါ်တွင် ရှိနေသည်(၂၀၂၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် Kunovice လေဆိပ်မှထွက်ခွာခဲ့ကြောင်း လေယာဉ်ခြေရာခံသည့် စနစ်များက ဖော်ပြထားသည်)။


Josef Hlavacka သည် သူ၏ LinkedIn တွင် ဖော်ပြချက်အရ Aricraft Industries ၏ ထုတ်လုပ်မှု အရည်အသွေးပိုင်းမှ အတွေ့အကြုံရင့် ဒါရိုက်တာဖြစ်သည် (ပုံ-၆)။






ပုံ-၆။: *Hlavacka* ၏ *LinkedIn* အကောင့်ပုံ။

အထက်တွင်ဖော်ပြခဲ့သည့် ချက်နိုင်ငံသား David Holubec သည် ရန်ကုန်ရှိ MAI ရုံးအား Google Review တွင် “လွန်ခဲ့သော သုံးလ”က မှတ်ချက်ရေးသားခဲ့သည်(ပုံ-၇)။ ရန်ကုန်မြို့တွင်လည်း Holubec မှ Fook Mun Lau Seafoods စားသောက်ဆိုင်နှင့် Melia ဟိုတယ် တို့အတွက် မှတ်ချက် ရေးသားခဲ့သည် (ပုံ ၈ နှင့် ၉)။ ထိုမှတ်ချက်သုံးခုလုံးကို “လွန်ခဲ့သော သုံးလ” တွင် မှတ်ချက်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုစာမျက်နှာများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင်

တွေ့ရှိခဲ့ခြင်းဖြစ်သောကြောင့် ထိုမှတ်ချက်များကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နှင့် ၁၈ ရက်ကြားတွင် ပေးခဲ့ခြင်းဖြစ်သည်။








ပုံ- ၇/၈/၉ ။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်မှ ၁၈ ရက်အတွင်း ရန်ကုန်မြို့မှ စီးပွားရေးလုပ်ငန်းများအား *Google Review* တွင် မှတ်ချက်ရေးသားထားပုံများ။

David Holubec သည် Aircraft Industries ကုမ္ပဏီ၏ အခွဲဖြစ်သည့် Omnipol ၏ (အာရှ) ဒုတိယကုန်သွယ်ရေး ဒါရိုက်တာ ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ရုရှားသတ္တုကုမ္ပဏီတစ်ခုထံမှ Aircraft Industries အား Omnipol က ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု သတင်းဖော်ပြချက်များရှိခဲ့သည်။




ပုံ-၁၀။ *Holubec* ၏ *LinkedIn* အကောင့်ပုံ။ .

Hlavacka သည် ရန်ကုန်ရှိ Melia Yangon ဟိုတယ်တွင်လည်း နေထိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ Instagram တွင် တင်ထားသည့် post နှစ်ခုတွင် ဟိုတယ်ဓါတ်ပုံအများစုပါရှိပြီး နေရာကိုလည်း တွဲတင်ထားသည်(ပုံ-၁၁)။ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့တွင်လည်း Melia Yangon ဟိုတယ်တွင် ရိုက်ကူးထားသည့် ဓါတ်ပုံများကို တွေ့ရသဖြင့် ဤခရီးစဥ်သည် ပထမဆုံးအကြိမ် မဟုတ်သည်ကို တွေ့ရသည်။ OK-JMA မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့နှင့် နီးကပ်တိုက်ဆိုင်နေသည်ကို တွေ့ရသည်။




ပုံ-၁၁။ ၂၀၂၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ *Hlavacka* ၏ *Instagram* တွင် တည်နေရာတွဲတင်ထားပြီး *Yangon Melai* ဟိုတယ် ဖြစ်ကြောင်း တည်နေရာအတည်ပြုထားသည့် ဓါတ်ပုံ။

Hlacacka ၏ Instagram အကောင့်တွင် ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်တွင် တင်ထားသည့် ရန်ကုန်တွင် ရိုက်ကူးထားသောဓါတ်ပုံ၌ အခြား လူဖြူအမျိုးသားတစ်ဦးကို မြင်တွေ့ရသည်။ ထိုသူသည် Holubec ဖြစ်နိုင်သည်(ပုံ-၁၂)။ ထို့ကြောင့် Holubec သည် Google Review များ မရေးသားမီရက်များကတည်းက ရန်ကုန်မြို့သို့ ရောက်ရှိနေခြင်းဖြစ်ပြီး OK-AMJ လေယာဥ်ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းနှင့် သက်ဆိုင်နေနိုင်သည်။



ပုံ-၁၂။ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ တွင် *Hlavacka* ၏ *Instagram* အကောင့်တွင် တင်ထားသော ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားတွင် ရိုက်ထားခြင်းဖြစ်ကြောင်း နေရာအတည်ပြုထားသည့် ဓါတ်ပုံ၊ ထိုဓါတ်ပုံ၏ လူမြင်နိုင်သည့်အနီးကပ်ပုံနှင့် *Holubec* ၏ *LinkedIn* အကောင့်မှ ဓါတ်ပုံ။

## ၄။ ချက် အရပ်ဘက်လေကြောင်းဌာန မှတ်ပုံတင်မှတ်တမ်းများ


ချက်အရပ်ဘက်လေကြောင်းဌာန မှတ်ပုံတင်မှတ်တမ်းများတွင် လေယာဉ်သုံးစီး၏ စတင်မှတ်ပုံတင်သည့်ရက်များနှင့် မှတ်ပုံတင်ဖျက်သည့်နေ့များကို လေ့လာခဲ့သည်။ Let L410 လေယာဉ်သုံးစီးလွှဲပြောင်းပေးမှုမှတ်တမ်းများကို ချက်အရပ်ဘက်လေကြောင်းအာဏာပိုင်၏ စာရင်းတွင် Myanmar Witness Investigator များ တွေ့ရှိခဲ့သည်။

- OK-JMA (3413) အား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် မှတ်ပုံတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။
- OK-AMK (3419) အား ၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်တွင် မှတ်ပုံတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။
- OK-AMJ (3418) အား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မှတ်ပုံတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ဖျက်သိမ်းခဲ့သည်။

ရန်ကုန်မြို့သို့ရောက်ရှိပြီး ၈ ရက်မှ ၁၀ ရက်အကြာတွင် လေယာဉ်သုံးစီးလုံးအား ချက်အရပ်ဘက်လေကြောင်းဌာနမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သည်။ ထိုမှတ်ပုံစာရင်းတွင် လေယာဉ်များကို silver livery ("Stříbrná") ထုတ်လုပ်ခဲ့ကြောင်းဖော်ပြထားသည်။

# ၅။ အသစ်ရောက်ရှိလာမှုများ


၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် Omnipol ပိုင် လေယာဉ်မှတ်ပုံတင် OK-ZMH နှင့် နံပါတ် 3420 ဖြင့် Let L410 တစ်စီးသည် Kunovice လေဆိပ်မှထွက်ခွာခဲ့ပြီး အရှေ့တောင်အာရှဘက်သို့ ဦးတည်ခြင်းမပြုမီ အာရပ်ပင်လယ်ကွေ့တစ်လျှောက် FlightRader24 တွင် မြင်တွေ့ရသည် (ပုံ-၁၃)။ မြန်မာနိုင်ငံသို့ ပို့ဆောင်မည့် မော်ဒယ်တူ စတုတ္ထလေယာဉ်တစ်စီးဖြစ်ကြောင်း အတည်ပြုနိုင်ရန် Myanmar Witness investigator က တိုက်ရိုက်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။ သို့သော် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့ အိန္ဒိယနိုင်ငံ Ahmedabad မှ ထွက်ခွာလာပြီး Bhunaneshwar တွင် မဆင်းမီ လေယာဉ်ခြေရာခံစနစ်မှ ပျောက်ကွယ်သွားကာ Bhubaneswar မှ ထွက်ခွာလာပြီး ရန်ကုန်မြို့နှင့် နီးကပ်သည့်အချိန်တွင် အမည်မတပ်ထားသည့် L410 အဖြစ် ပြန်လည် ပေါ်လာခဲ့သည်။ နောက်ထပ် လေယာဉ်ခြေရာခံသော website ဖြစ်သည့် FlightAware တွင် လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်မောင်းနှင်သူမှ ထိုလေယာဉ်အား ခြေရာခံခြင်း မပြုလုပ်ရန် သတိပေးစာများပေါ်လာသည် (ပုံ-၁၄)။ လေယာဉ်ခြေရာခံသည့် တတိယ website AirNav တွင်လည်း Bhubaneswar မှ ထွက်ခွာလာပြီးသည့်အချိန်တွင် OK-ZMH ၏ အသေးစိတ်အချက်အလက်များကို မြင်တွေ့နိုင်ခြင်းမရှိရန် ပိတ်ပင်ထားသည်ကို တွေ့ရသည်(ပုံ-၁၅)။




ပုံ-၁၃။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် *Bubaneshwar* ရေိယာမှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ချဉ်းကပ်လာသည့် အမည်မရှိသော *Let L410* တစ်စီးအား *FlightRader24* တွင် တွေ့ရပုံ။





ပုံ-၁၄။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် *FlightAware* မှ တိုက်ရိုက်စောင့်ကြည့်နေမှုမှ *OK-ZMH* ပျောက်သွားပြီး ပေါ်လာသည့် သတိပေးစာ။





ပုံ-၁၅။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့ *Bhubanswar* မှ ထွက်ခွာလာပြီး အသေးစိတ်အချက်အလက်များကို ပိတ်ပင်ထားသည့် *OK-ZMH* အား တွေ့ရစဉ်။

သို့သော် Myanmar Witness ၏ investigator များက အခြားလေယာဉ်စောင့်ကြည့်ရေးစနစ်တစ်ခု ဖြစ်သည့် ADS-B Exchange မှ စောင့်ကြည့်ခဲ့ရာ OK-ZMH ပျံသန်းနေမှုကို မြင်တွေ့ရပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ချဉ်းကပ်လာကြောင်း တွေ့ရှိခဲ့သည်(ပုံ-၁၆)။




ပုံ-၁၆။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ချဉ်းကပ်လာသည့် *OK-ZMH* အား *ADS-B Exchange* တွင် တွေ့ရစဉ်။

ယခင်လွှဲပြောင်းမှုအားလုံးတွင် ဖြစ်ပျက်ခဲ့သည့်အတိုင်း ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် Josef Hlavacka မှ ၎င်း၏ Instagram သို့ Melia ဟိုတယ်၌ နံနက်စာ ပုံ တင်ထားသည်(ပုံ-၁၇)။




ပုံ-၁၇။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့တွင် *Hlavacka* ၏ *Instagram* တွင် တင်ထားပြီး *Yangon Melia* ဟိုတယ်ဖြစ်ကြောင်း နေရာအတည်ပြုထားသည့် ဓါတ်ပုံ။

<u>ချက်အရပ်ဘက်လေကြောင်းမှတ်ပုံတင်စာရင်း</u>တွင် OK-ZMH ပါဝင်နေသည်ကိုတွေ့ရှိပြီး(ပုံ-၁၈) မြန်မာနိုင်ငံသို့ L410 အားပို့ဆောင်ခဲ့သည့်အချိန် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည်ကို တွေ့ရသည် (ပုံ-၁၉)။



ÚŘAD PRO CIVILNÍ LETECTVÍ — CZ EN

AIRCRAFT REGISTER - RECORD

| | |
|---|---|
| Aircraft category | Airplane |
| Type of aircraft | L 410 |
| Model of aircraft | L 410 UVP-E20 |
| Registration number | OK-ZMH |
| Date of registration with the Aircraft Registry | 28.07.2025 |
| Aircraft (transponder) | 49D605 |

| Owner | | Operator | |
|---|---|---|---|
| OMNIPOL a.s. | Reg. No.: 25063138 | Aircraft Industries, a.s. | Reg. No.: 27174841 |

ပုံ-၁၈။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် *Omnipol* ပိုင် *OK-ZMH* လေယာဉ်အား ချက်အရပ်ဘက်လေကြောင်း မှတ်ပုံတင်စာရင်းတွင် မြင်တွေ့ရပုံ။

**OK-ZMH** (erased)

**Registration**


| | |
|---|---|
| Aircraft category | Airplane |
| Type of aircraft | L 410 |
| Model of aircraft | L 410 UVP-E20 |
| Registration number | OK-ZMH |
| Date of registration with the Aircraft Registry | 28.07.2025 |
| Date of deletion from the Aircraft Registry | 31.10.2025 |
| Aircraft (transponder) | 49D605 |

**Operator**


No operator

ပုံ-၁၉။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ချက်အရပ်ဘက်လေကြောင်း မှတ်ပုံတင်စာရင်းမှ *OK-ZMH* နှင့် ဖျက်လိုက်ပုံ။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် Omnipol ပိုင် နံပါတ် 3501 မှတ်ပုံတင်နံပါတ် OK-ANH ဖြင့် Let L410 တစ်စီး Kunovice လေဆိပ်မှထွက်ခွာခဲ့သည်။ ဤတစ်ကြိမ်တွင် Flight Rader 24 တွင် ခရီးစဉ်တလျှောက် လေယာဉ်၏အချက်အလက်များ ရှုပ်ထွေးနေခဲ့သည်။ Myanmar Witness ၏ investigator များက မြန်မာနိုင်ငံသို့ ပို့ဆောင်မည့် ပဥ္စမမြောက်လေယာဉ်ဖြစ်ကြောင်း အတည်ပြုနိုင်ရန် တိုက်ရိုက်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။





ပုံ-၂၀။ *Kunovice* လေဆိပ်မှ မြန်မာနိုင်ငံသို့ ပို့ဆောင်သည့် *Omnipol Let L410 OK-ZMH* နှင့် *OK-ANH* တို့၏ လမ်းကြောင်း။





| | |
|---|---|
| Aircraft category | Airplane |
| Type of aircraft | L 410 |
| Model of aircraft | L 410 UVP-E20 |
| Registration number | OK-ANH |
| Date of registration with the Aircraft Registry | 08.11.2025 |
| Aircraft (transponder) | 49D625 |

| Owner | | Operator | |
|---|---|---|---|
| OMNIPOL a.s. | Reg. No.: 25063138 | Aircraft Industries, a.s. | Reg. No.: 27174841 |

ပုံ -၂၁။ ချက်အရပ်ဘက်လေကြောင်းမှတ်ပုံတင်စာရင်းတွင် *Omnipol* ပိုင် *OK-ANH* အား ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် တွေ့ရစဥ်။




ပုံ-၂၂။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ လေယာဉ်ပျံသန်းမှုအား *FlightAware* တွင်တိုက်ရိုက်ကြည့်ရှုနေစဉ် အထက်တွင် ယခင်လေယာဉ်စောင့်ကြည့်စဉ်တွင် ကြုံတွေ့ခဲ့သည့်အတိုင်း သတိပေးစာ ပေါ်လာသည်။ *(ရင်းမြစ် - FlightAware)*




ပုံ ၂၃။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ *Let L410 OK-ANH* တစ်စီး ဆင်းသက်သည်ကို တွေ့ရသည်။ *(ရင်းမြစ် - FlightRadar24)*

## ၆။ မြင်တွေ့ရမှုများ

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာလေတပ်၏ လှုပ်ရှားမှုများကို စောင့်ကြည့်ပြီး မျှဝေနေသည့် Enemy Air Route telegram (EAR) group မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ရန်ကုန်မြို့၌တွေ့ခဲ့ရသော OK-AKM နှင့်အရောင်အဆင်းတူသည့် Let L410 တစ်စီးအား ဆွဲယာဉ်မှ ဆွဲသွားသည့်ဓါတ်ပုံကို မျှဝေခဲ့သည်(မြန်မာနိုင်ငံသို့ ပို့ဆောင်ခဲ့သည့် Let L410 အားလုံးသည် ငွေရောင်များရှိသည်ဟု ချက်အရပ် ဘက်လေကြောင်းမှတ်ပုံတင်စာရင်းအရ သိရသည်)။ ထိုဓါတ်ပုံတွင် အမှီးနံပါတ်ကို မမြင်နိုင်သလို Myanmar Witness အနေဖြင့် ဓါတ်ပုံရိုက်ကူးထားသည့် ရက်စွဲနှင့် ထိုပုံပါလေယာဉ်၏ အခြားအချက်အလက်များကို အတည်မပြုနိုင်ပါ။ သို့သော် ဓါတ်ပုံပြုပြင်ချက်များကို ဖော်ထုတ်ရန် ပြုလုပ်ထားသော OSINT နည်းတစ်ခုဖြစ်သည့် Forensically အသုံးပြု စစ်ဆေးကြည့်ရာတွင် ဓါတ်ပုံအား မျှဝေခြင်းမပြုမီ လေယာဉ်မော်ဒယ်၏ အမှီးနံပါတ် ဖော်ပြလေ့ရှိသည့် လေယာဉ်ကိုယ်ထည် နေရာတွင် ပြုပြင်ထားခြင်းများရှိကြောင်း ဖော်ပြထားသည်။




ပုံ-၂၄။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့ *EAR* ၏ *Facebook* တွင် မျှဝေထားသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆွဲယာဉ်မှ ဆွဲသွားသည့် ငွေရောင် *Let L410* တစ်စီး၏ ဓါတ်ပုံ။
*(ရင်းမြစ် - EAR via Facebook)*



ပုံ- ၂၅။ *EAR* ၏ *Facebook* မှ ဓါတ်ပုံအား *Forensically* တွင် စစ်ဆေးကြည့်ရာတွင် ဓါတ်ပုံတင်ခြင်းမပြုလုပ်မီ အမြီးနံပါတ် များကို ဖျက်ခဲ့သည်ကို တွေ့ရသည်။ ပြုပြင်မှုပြုလုပ်ထားသောကြောင့် အမည်းရောင်ဖြစ်နေသည့်နေရာမှလွဲ၍ ဓါတ်ပုံတစ်ခုလုံးတွင် သာမန်ပုံစံဖြစ်နေသည်ကို တွေ့ရသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလလယ်တွင် မြန်မာစစ်တပ်နှင့် ဆက်နွယ်သူတစ်ဦးက ၎င်း၏ Facebook အကောင့်တွင် Let L410 တစ်စီးမှ ထောက်ပို့ပစ္စည်းများဖြစ်နိုင်သည့် အရာများကို ချပေးနေသည့် ရုပ်သံဖိုင်ကို တင်ခဲ့သည်။ အဆိုပါ လေယာဉ်မှ ချပေးနေမှာ ထောက်ပို့ပစ္စည်းများဖြစ်နိုင်ကြောင်း Myanmar Witness မှ ယုံကြည်ထားပြီး အဆိုပါ ရုပ်သံရိုက်ကူးခဲ့သည့် အချိန်နှင့် နေရာကိုမူ အတည်ပြုနိုင်ခြင်း မရှိပါ။ သို့သော် ထိုအကောင့်မှပင် တင်ထားသည့် အခြား UGC များနှင့် လေယာဉ်ပျံသန်းမှုအချက်အလက်များအရ ကရင်ပြည်နယ် ဝေါလေ ဒေသတစ်ဝိုက်တွင် လေယာဉ်ပျံသန်းမှု ပြုလုပ်ခဲ့သည့် အချိန်များနှင့် ရုပ်သံတင်ခဲ့သည့် အချိန်တိုက်ဆိုင်နေသည်ကို တွေ့ရသည်။ ထို့ပြင် ထိုနေ့တွင် အဆိုပါ ဒေသတစ်ဝိုက်အတွင်း XY-AMV ပျံသန်းနေသည်ကို ခြေရာခံနိုင်ခဲ့သည်။ ဤ ဗီဒီယိုသည် Let L410 လေယာဉ်များသည် စစ်တပ်နှင့်ဆက်နွယ်သည့် အခြေအနေများတွင် ပစ္စည်းများချနိုင်သည့် အသုံးပြုမှုအဖြစ် အသုံးပြုနေသည်ကို အတည်ပြုနိုင်ခဲ့သည့် ပထမဆုံး အထောက်အထားဗီဒီယိုဖြစ်နိုင်သည်။



ပုံ-၂၆။ ၂၀၂၅ ခုနှစ် နိုင်ဝင်ဘာလ *Facebook* တွင် တင်ထားသည့် ဗီဒီယိုမှ *Let L410* လေယာဉ်ပုံ။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် XY-AMV ပုံပါဝင်သည့် Tiktok ဗီဒီယိုတစ်ခုကို Myanmar Witness မှ ရရှိခဲ့သည်(ပုံ-၂၇)။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလနှောင်းပိုင်းတွင် တင်ထားသည့် နောက်ထပ်ဗီဒီယိုတစ်ခုတွင် Let L410 XY-AMV သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (နေရာအတည်ပြုမှု ပြုလုပ်ထားပြီး) သို့ ဆင်းသက်နေသည်ကို တွေ့မြင်ရသည် (ပုံ-၂၈)။




ပုံ-၂၇။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့၌ *Tiktok* တွင်တင်ထားသည့် ဗီဒီယိုမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် *XY-AMV* ကိုတွေ့ရပုံ။




ပုံ-၂၈။ ၂၀၂၄ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းတွင် တင်ထားသည့် နောက်ထပ်ဗီဒီယိုတစ်ခုတွင် *Let L410 XY-AMV* ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်နေသည့်ပုံ။

ဤကဲ့သို့မြင်ရမှုများသည် (ဤစုံစမ်းစစ်ဆေးမှုအပိုင်း ၁ တွင် ဖော်ပြခဲ့သော) ၂၀၂၄ ခုနှစ် အောက်တိုဘာ နှောင်းပိုင်း၌ ရန်ကုန်ဧရိယာတွင် တွေ့ခဲ့ရသည်ဆိုသည့် အချက်နှင့် ကိုက်ညီမှုရှိနေသည်။ ထိုအစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း XY-AMV ကို FlightRader24 အချက်အလက်အရ မြန်မာ လေတပ်ပိုင်လေယာဉ် အဖြစ် ဖော်ပြခဲ့ပြီး မြန်မာလေတပ်စခန်းများမှ အခြား မြန်မာလေတပ်ပိုင်လေယာဉ်များနှင့်အတူ လုပ်ငန်းများ ဆောင်ရွက်နေခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးအနေဖြင့် လေဆိပ်ရှိ စစ်လေယာဉ်များထားရှိသည့် အပိုင်းတွင် Let L410 တစ်စီး ရပ်ထားသည်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ Tiktok တွင် တင်ထားသည့် ဗီဒီယို တစ်ခုတွင် တွေ့ရသည်(ပုံ-၂၉)။ ထို Tiktok အကောင့်အသုံးပြုသူ၏ Facebook တွင် တင်ထားသည့် အခြား UGC များ၊ သူ၏ ထိုနေ့ခရီးစဉ်လေယာဉ်လက်မှတ်ပါ မကွေးခရီးစဉ် တို့ကို တိုက်ဆိုင်စစ်ဆေးကြည့်ရာတွင် ထိုဗီဒီယိုအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်း အတည်ပြုနိုင်သည်။



ပုံ-၂၉။ ၂၀၂၅ ခုနှစ် မကွေးလေဆိပ်တွင် ရိုက်ကူးထားသည့် *Tiktok* ဗီဒီယိုမှ *[*အပေါ်ပုံ အနီရောင်အကွက်အတွင်းမှ *Let L410]*အဝေးပုံနှင့် *[*အောက်ပုံ*]* အနီးကပ်ပုံ။

## ၇။ နိဂုံးချုပ်

ချက်အစိုးရသည် Let L410-UVP E20 Turbolet လေယာဉ်များကို အရပ်ဘက်သုံးလေယာဉ်များအဖြစ် ပို့ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုထားသော်လည်း Myanmar Witness ရရှိထားသည့် အထောက်အထားများနှင့် သုံးသပ်ချက်များနှင့်

ကွဲပြားမှုများစွာရှိနေသည်။ Open-soruce အချက် အလက်များ၊ လူမှုကွန်ရက်မီဒီယာများမှ ရရှိထားသည့် ရုပ်သံများနှင့် ရုပ်သံစိစစ်သည့်ကိရိယာများဖြင့် ဆောင်ရွက်ထားသည့် စုံစမ်းစစ်ဆေးမှုအရ ထိုလေယာဉ်များသည် စစ်ဘက်ဆိုင်ရာအဆောက်အအုံများတွင် ရှိနေသည့်အပြင် နိုင်ငံ၏ လေတပ်တွင် အသုံးပြုနေသည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်အတွက်သာ အသုံးပြုမှုများပြုလုပ်နေသည်ဟု ပုံဖော်ရန်အတွက် ၎င်းတို့၏ နောက်ဆုံးပို့ဆောင်မှု နှစ်ကြိမ်တွင် ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

လေယာဉ်ခြေရာခံစနစ် အချက်အလက်များနှင့် (Tiktok နှင့် Youtube အပါအဝင်) လူမှုကွန်ရက်စာမျက်နှာများမှတဆင့် Myanmar Witness သည် ရက်စွဲများ၊ တည်နေရာများ၊ လေယာဉ်လှုပ်ရှားမှုများနှင့် ဖုံးကွယ်ရန်ကြိုးစားထားသည့် မြန်မာနိုင်ငံသို့ ပို့ဆောင်မှုများကို အတည်ပြုနိုင်ခဲ့သည်။

ချက်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ဆောင်ထားသည့် လေယာဉ်များသည် မြန်မာလေတပ်တွင် ရှိနေကြောင်း Myanmar Witness က အတည်ပြုထားပြီး စစ်ဘက်အတွက် အကြိမ်ကြိမ်အသုံးပြုနေမှုနှင့် လေယာဉ် ပို့ဆောင်သည့်ပုံစံများကြောင့် EU ၏ ပိတ်ဆို့မှု မူဘောင်မှတစ်ဆင့် နောက်ထပ် စစ်ဆေးမှုများ ပြုလုပ် သင့်သည်။